# တရားရေနှင့်ဆေးကြောလေ

မြတ်လေးသီရိ

''ကောင်းလိုက်တဲ့တရားတော်၊ ခွန်အား ရတာ''

''ဒီဆရာတရားဟောတာသိပ်ပြီးကောင်း သိပ်ပြီးတော်တာပဲ''

ခရစ်ယာန်တရားနာသူများ၏ ဓမ္မတရားတော်များအား နှစ်သက်သဘောတွေ့သောအခါ အထက်ပါအတိုင်းကြားရတတ်ပါသည်။ မိမိတို့၏ ဆရာသမားများ တရားဟောကောင်းလှသည့် အတွက် မိမိတို့ဘုရားကျောင်းတွင် လာရောက်ဝတ်ပြုကြရန် ဖိတ်ခေါ်သူများလည်းရှိပါသည်။

ဘုရားဝတ်ပြုဖို့ ဘုရားကျောင်းခံတန်း၌ ဝင်ထိုင်သည်မှ စပြီး ထပြန်သည်အထိ ဂုဏ်တော်ချီးမွမ်းခြင်း (Praise & Worship) အစီအစဉ်မှအစ ပဏာမတီးမှုတ်ခြင်း၊ ခေါ်ဖိတ်တော်မူခြင်း အဆင့်ဆင့်၊ ကောင်းကြီးပေးပြီး အာမင်ဆိုသည့် အဆုံးအထိ ဘုရားသခင်ကို ဝတ်ပြုခြင်းဖြစ်ကြောင်း ဝတ်ပြုကိုးကွယ်သူများ သိမှတ်နားလည်အပ်ပါသည်။ သို့ရာတွင် ''တရားဟောခြင်းကိုမီလျှင်တော်ပြီ'' ဟူ၍ သဘောထားတတ်သည့် သူများ၊ ကောင်းကြီးပေးသည်ကိုပင် မခံယူဘဲ မိမိကိစ္စအရေးကြီးသည့်အတွက် တရားဟောပြီးသည်နှင့် ထွက်သွားတတ်သူများကိုလည်း တွေ့ရတတ်ပါသည်။

ဝတ်ပြုကိုးကွယ်ခြင်း၌ တရားတော်ကိုသာ အဓိကထားသူများ၊ ငယ်စဉ်မှစ၍ ယခုထက်တိုင် တရားဓမ္မအပုဒ်ပေါင်း မရေတွက်နိုင်အောင် ကြားနာလာခဲ့ကြသူများကို ''တရားတော်ကို နားသောတဆင်ရုံသက်သက်ပဲလား'' ဟု မေးလျှင် မည်သို့အဖြေပေးကြမည်ကို မပြောနိုင်ပါ။ တရားတော် အတိုင်းလိုက်လျှောက်အသက်ရှင်ကြသည့် ခရစ်ယာန်များ မည်မျှရှိမည်ကိုလည်း မပြောနိုင်ပါ။

အကယ်၍ ခရစ်ယာန်တိုင်းသည် တရားတော်များနှင့်အညီ လိုက်လျှောက်အသက်ရှင်ခဲ့သော် ရှေးကနဦးအသင်းသားများထက် ခရစ်တော်၏နောက်လိုက်ပီသပြီး ဘုရားသခင်၏နိုင်ငံတော်ကို နေ့ချင်းညချင်း တည်ထောင်နိုင်ပါလိမ့်မည်။ သို့ရာတွင် ခရစ်ယာန်အများ၏ အသက်ရှင်ပုံမှာ လောကီပုံသဏ္ဍာန် ကိုဆောင်လျက် ခရစ်တော်၏ သဘောတော်နှင့် ဆန့်ကျင်တတ်ကြသည်။ ဘာသာရေးမှာ အားကြီးကြပြီး (religious)၊ ဝိညာဉ်သဘော (Spirituality)အားနည်းသောကြောင့် ခရစ်တော်ဘုရားသခင်ကို ကျွန်ုပ်တို့ထံမှ အခြားသူများ မတွေ့မြင်ကြတော့ပါ။

ရှင်ယာကုပ်သြဝါဒစာအရ ကျွန်ုပ်တို့သည် နှုတ်ကပတ်တရားတော်ကို နူးညံ့သိမ်မွေ့သော စိတ်ဖြင့် ခံယူဖို့ဖြစ်ပါသည်။ နှုတ်ကပတ်တရားတော်က မိမိအားမည်သည့်အကြောင်းအရာကို ဖော်ပြမည်၊ သွန်သင်လမ်းပြမည်၊ မည်သို့သတိပေးမည် စသည်တို့ကို မျှော်လင့်လျက် နာခံသည့် သဘောဖြင့် ခံယူရမည့်အစား ''ဘယ်သူတရားဟောမှာလဲ၊ သူကတော့ ဟောရှည်ပဲ၊ သူဆိုရင် ပျင်းစရာကြီး၊ ခွန်အားလည်းမရဘူး'' မှစပြီး အပြစ်ပြောတတ်ကြသူများလည်း ရှိကြပါသည်။

အချို့ဆရာများသည် တရားဟောရာတွင် အပြောမကောင်းလှ (Delivery)၊ ဆွဲဆောင်နိုင်စွမ်းမရှိလှသော်လည်း တရားပေးသည့်အကြောင်း အချက်များ ခွန်အားရတတ်ပါသည်။ တရားဓမ္မဟောကြားခြင်းကို စာပေဟောပြောပွဲ၊ နိုင်ငံရေးဟောပြောပွဲ စသည်တို့ကဲ့သို့ နားထောင်ကောင်းမှဆိုသည့် သဘောမျိုးမထားအပ်ပါ။ နှုတ်ကပတ်တော်မှ ဘုရားသခင်သည် ကျွန်ုပ်တို့ကို မည်သည့် အရာကို ဖော်ပြနေသည်ကို သိရှိရန် အာရုံစိုက်လျက် ရှာဖွေအပ်ကြပါသည်။

တရားဟောမည့်သူအတွက် ကျွန်ုပ်တို့ဆုတောင်းပေးကြရမည်။ သူ၏ပြင်ဆင်မှုနှင့် ဆက်ကပ်မှုသည် သူ၏အပိုင်းသာဖြစ်ပါသည်။ ကျွန်ုပ်တို့အနေနှင့် သူ့အတွက် ဆုတောင်းပေးပြီး မိမိ

စိတ်နှလုံးကို တရားတော်ခံယူနိုင်ဖို့ ပြင်ဆင်ရန်သာဖြစ်ပါသည်။ ရှင်လုကာခရစ်ဝင်ကျမ်းစာမှလည်း ကျွန်ုပ်တို့သည် အသီးများစွာသီးသောသူများ ဖြစ်စေရန်၊ ဖြောင့်မတ်စင်ကြယ်သည့် စိတ်နှလုံးနှင့် နှုတ်ကပတ်တော်ကို ကြားနာရန် ပြောထားပါသည် (လု ၈း၁၅)။ ထို့ကြောင့် တရားတော်ကို သမ္မာကျမ်းစာမှ ဖော်ပြထားသည့် စိတ်သဘောထားဖြင့် နာယူမှသာ မှန်ကန်သောတရားနာယူခြင်း ဖြစ်ပါမည်။

ခရစ်ယာန်အသက်တာ၌ နှုတ်ကပတ်တရားတော်ကို ကြားနာခံယူသည့် ဓမ္မဝတ်ကိုသာ ဖြည့်ဆည်းနေ၍ မပြီးပါ။ တရားတော်အတိုင်း ကျင့်ဖို့ရာ အရေးကြီးပါသည်။ တရားတော်အတိုင်း မလိုက်လျှောက်ပါက မိမိကိုယ်ကိုမိမိ လှည့်ဖြားရာရောက်ပါသည်။ လူများရှေ့တွင် ဘုရားကျောင်းတက်ပြီး တရားများနာယူကာ သီလဆောက်တည်ပုံရှိသော်လည်း အမှန်တကယ်ဟုတ်မဟုတ် မိမိသာလျှင် အသိဆုံးဖြစ်မည်။ ကျွန်ုပ်တို့၏စိတ်နှလုံးကို ကျွန်ုပ်တို့ လှည့်ဖြားခြင်းမပြု၊ ကျွန်ုပ်တို့၏ နှုတ်ကို ကျွန်ုပ်တို့ စောင့်စည်းမှသာ အမှန်တကယ် ဘုရားတရားရှိသူများဖြစ်ပါမည်။

မကောင်းသည့် စိတ်နှလုံးရှိသောကြောင့် နှုတ်မှ မကောင်းသည့်စကားများ ထွက်ခြင်းဖြစ်ပါသည် (မ ၁၂း၃၄–၃၅)။ မကောင်းသည့် စကားများ၊ မပြောအပ်သည့် စကားများ ပြောခြင်းအားဖြင့် ကျွန်ုပ်တို့ခရစ်ယာန်များကို သူတစ်ပါးအထင်သေးပြီး ကျွန်ုပ်တို့၏ ဘာသာတရားသည် အချည်းနှီးဖြစ်၍ ကျွန်ုပ်တို့ကိုးကွယ်သော ဘုရားသခင်၏ ဘုန်းတော်မှာလည်း ညှိုးနွမ်းပေတော့မည်။ အခြားသူများ ခရစ်ယာန်သိလာစေရန် ကျွန်ုပ်တို့၌ ထားရှိရမည့်စိတ်နှလုံးမျိုးကို (မ ၅း၁–၁၂) ၌ သခင်ယေရှု ဟောပြောသည့်အတိုင်း ထားရှိခြင်းဖြင့် ကျွန်ုပ်တို့၏သီလသည် စင်ကြယ်သန့်ရှင်း သောသီလဖြစ်လျက် မင်္ဂလာရှိကြမည်ဖြစ်သည်။

တစ်ခါက ဧဝံဂေလိတရားဟောဆရာတစ်ပါးသည် နိုင်ငံခြား၌လှည့်လည်စဉ် ချောင်းကမ်းပါး၌ သိုးမွေးများကို ချောင်းရေနှင့် လျှော်ဖွတ်နေသည့် အမျိုးသမီးတစ်ဦးကိုတွေ့ခဲ့ပါသည်။ သိုးမွေးတို့ကို ဇကာတွင်ထည့်ပြီး ရေထဲသို့ အကြိမ်ကြိမ်နှစ်ပြီး ဆေးလိုက်သည်တွင် သိုးမွေးတို့မှာ သန့်ရှင်းဖြူစင်လာပါသည်။ ဆရာက အမျိုးသမီးအား မိမိကို သိပါသလားဟုမေးရာ အမျိုးသမီးကသိကြောင်းသာမက ဆရာ၏ဟောကြားခြင်းမှရသည့် ကောင်းကြီးများအတွက် ဘုရားသခင်ကိုကျေးဇူးတင်ကြောင်း ပြောလေသည်။

တဖန် ဆရာက ‘သူမ’ လာသည့်တရားပွဲတွင် ဟောကြားခဲ့သည့် ကျမ်းချက်ကိုမေးသည့်အခါ အမျိုးသမီးက မမှတ်မိတော့ကြောင်း ရိုးသားစွာပြောပါသည်။ တရားတော်ကို မမှတ်မိလျှင် မည်သည့်အကျိုးရှိနိုင်မှာလဲဟု ဆရာကထပ်မေးသည့်အခါ အမျိုးသမီးက ပြုံး၍မော့ကြည့်ပြီး..

‘‘ကျွန်မ စိတ်နှလုံးက ဒီဇကာနဲ့တူပါတယ်။ ဇကာမှာ ရေကတင်မနေပေမယ့် ဇကာကိုဖြတ်ပါများတဲ့အခါ သိုးမွေးကိုဖြူစင်စေပါတယ်။ တရားတော်ကို များများမမှတ်မိပါဘူး၊ ဒါပေမယ့် တရားတော်များကို ကြားရတာများတဲ့အခါ ကျွန်မရဲ့စိတ်နှလုံးကို သန့်စင်စေပါတယ်’’ ဟုပြောလေသည်။ ဤအမျိုးသမီးက သူ၏နှလုံးသားသည် နှုတ်ကပတ်တရားတော်များအားဖြင့် သန့်စင်စင်ကြယ်ခြင်းရှိခဲ့သည်ဟု ပြောသည့်နည်းတူ ဆာလံဆရာသည်လည်း နှုတ်ကပတ်တော်အားဖြင့် မိမိသွားသောလမ်းသည် သန့်ရှင်းခြင်းရှိမည်ကို သိရှိနားလည်ကြောင်း ဖော်ပြခဲ့သည် (ဆာ ၁၁၉း ၉)။

ဘုရားသခင်၏နှုတ်ကပတ်တရားတော်သည် ကျွန်ုပ်တို့အထဲ၌ အသစ်ပြုပြင်ခြင်းသို့ ရောက်နိုင်သောကြောင့် တရားနာခြင်းသည် လွန်စွာကောင်းလှပါသည်။ တရားတော်ကို မေ့သောသူ၊ မကျင့်သောသူဖြစ်သော်ငြားလည်း ကျွန်ုပ်တို့၏စိတ်နှလုံးတို့သည် တရားနာခြင်းဖြင့် နှုတ်ကပတ်တော်ရေ၌ ဆေးကြောခြင်းခံရကာ သန့်ရှင်းစင်ကြယ်ခြင်းသို့ ရောက်နိုင်ကြောင်းကိုလည်း သိနားလည်ရပါသည် (ဧ ၅း၂၇)။ ထိုသို့ဆိုသော် တရားနာရုံမျှမက တရားတော်အတိုင်း လိုက်လျှောက်သောသူဖြစ်လျှင် ခမည်းတော်ဘုရားသခင်၏ရှေ့တော်၌ မည်မျှသာ၍စင်ကြယ်သန့်ရှင်းသူများဖြစ်မည်ကို အထူးပြောဖွယ်ရာမရှိပါ။

‘‘တရားနာသောသူသည် ဘုရားသခင်ရှေ့၌ ဖြောင့်မတ်သည်မဟုတ်၊ တရားကို ကျင့်သောသူသာလျှင် ဖြောင့်မတ်ရာသို့ ရောက်လိမ့်မည်’’ (ရော ၂း၁၃)။

တရားနာ၍ မမေ့လျော့ဘဲ တရားအတိုင်း ကျင့်လျက် ဘုရားသခင်ရှေ့တော်တွင် စင်ကြယ်သန့်ရှင်းသူများ ဖြစ်စေကြရန် ရည်စူးလျက် ...။

မြတ်လေးသိင်္ဂီ

***မှတ်ချက်။ ၂၀၀၉ ဧပြီလထုတ် မြန်မာ့တမန် မဂ္ဂဇင်းမှကောက်နှုတ်တင်ပြထားပါသည်။***